လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

Ministry of Social Welfare, Relief and Resettlement

Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ January 2026


## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပျဉ်းမနားမြို့၊ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများ၊ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်




**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တို့နှင့်အတူ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၂) ရပ်ကွက်၊ ရန်နိုင်ရပ် နယ်မြေ(၁၆) မီးဘေးသင့်ပြည်သူများအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင်သွားရောက် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆောင်းရာသီကာလ အေးချမ်းသော ရာသီဖြစ်၍ ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့အနေဖြင့်မီးဘေးသင့်ပြည်သူများနွေးထွေးစွာ အိပ်စက် နိုင်ရေးအတွက် မြေယာခင်းများ၊ စောင်များ အစရှိသည့် အိပ်ရာပစ္စည်းများကို စီစဉ်ပေးခဲ့ပါကြောင်း၊ စခန်း၌ နေထိုင်စဉ်ကာလ နေ့စဉ်စားသောက်ရေးကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်ရှိသူများက စနစ်တကျစီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မီးဘေးသင့် ပြည်သူများအနေဖြင့်လည်း နေထိုင်စားသောက်ရေး၊ သန့်ရှင်းသော အစားအစာနှင့်သောက်သုံးရေ စနစ်တကျ သုံးစွဲရေးတို့အတွက် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်း နေထိုင်နိုင်ရေးတို့ကို အားပေးစကားပြောကြားခဲ့ပါသည်။

ထို့နောက် မီးဘေးသင့် အိမ်ထောင်စု (၆၁)၊ လူဦးရေ (၃၀၈) ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုး၊ အိမ်ပျက်စီးမှု ထောက်ပံ့ကြေး၊

အိမ်အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်းများ၊ ရေသန့်နှင့်ခေါက်ဆွဲခြောက်ထုပ်များ၊ စုစုပေါင်းကျပ်(၂၅၇)သိန်းခန့် တန်ဖိုးရှိငွေနှင့် ပစ္စည်းများကို အိမ်ထောင်စုအလိုက်၊ လူဦးရေအလိုက် ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာ ရန်အောင် (၂) ရပ်ကွက်၊ ရန်နိုင်ရပ် နယ်မြေ(၁၆)၊ မီးလောင်ပြင်သို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပျဉ်းမနားမြို့ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး နှင့် တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် ညပိုင်းက ဖြစ်ပွားခဲ့သော နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂) ရပ်ကွက်၊ ရန်နိုင်ရပ်၊ နယ်မြေ(၁၆) မီးလောင်မှုကြောင့် မီးဘေးသင့်ပြည်သူများအား ခေတ္တစောင့်ရှောက်ထားရှိရာ ယာယီကယ်ဆယ်ရေးစခန်းသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ထပ်မံ အကြိမ် သွားရောက်တွေ့ဆုံ၍ နေ့စဉ်စားသောက်နေထိုင်ရေး၊ ရေနှင့် သန့်ရှင်းမှုဆိုင်ရာကိစ္စရပ်များ အပါအဝင် လိုအပ်သည်များ မေးမြန်းကာ အားပေးစကားပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးဘေးသင့်အိမ်ထောင်စု (၆၀)၊ လူဦးရေ (၃၁၉)ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယအကြိမ်အဖြစ် ထပ်မံထောက်ပံ့သော ဆန်ရိက္ခာ ဖိုးငွေနှင့် ရေသန့်ဘူးများ၊ ကြက်ဥများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီက ထောက်ပံ့သော ခေါက်ဆွဲခြောက်၊ အိပ်ရာပစ္စည်းများနှင့် အိမ် အသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း အိမ်ထောင်စုအလိုက်၊ လူဦးရေအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့သည် မီးလောင်မှုဖြစ်

ပွားရာ နယ်မြေရပ်ကွက်သို့ သွားရောက်ပြီး မီးလောင်ပြင် ရှင်းလင်းပြီးစီးမှုအခြေအနေနှင့် ပြန်လည် ဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများကိုသွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဆန်ဒိုင်းမူဘောင်အကောင်အထည်ဖော်မှု စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာ စကားပြောကြား



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်** **နေပြည်တော်**

ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်မှုအား စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာ တင်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက တက်ရောက်အဖွင့် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့အဆင့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်မှုအား အွန်လိုင်းမှ တစ်ဆင့်အစီရင်ခံတင်သွင်းခြင်းကို ၂၀၁၈ ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ဆန်ဒိုင်းမူဘောင်တွင် ဘေးအန္တရာယ်ကြောင့် သေဆုံး/ပျောက်ဆုံးသူဦးရေ၊ ထိခိုက်ဒဏ်ရာရရှိသူ အပါအဝင် ဘေးသင့် ဦးရေများကို လျှော့ချရန်၊ စီးပွားရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးမှုကို လျှော့ချရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ မဟာဗျူဟာများနှင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ဘေးအန္တရာယ်ဆိုင်ရာကြိုတင် သတိပေးစနစ်များ အဆင့်မြှင့်တင်ရန် စသည့် လုပ်ငန်း များအတွက် ကမ္ဘာ့အဆင့်ပန်းတိုင် (၇)ရပ်နှင့် အညွှန်းကိန်း(၃၈) ခု ဖော်ထုတ်ထားပါကြောင်း၊ ဆန်ဒိုင်းမူဘောင်ပါ အညွှန်းကိန်းများသည်ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals-SDG)နှင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan: 2018–2030)ပါ အညွှန်းကိန်းများနှင့် ချိတ်ဆက်ထားပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ဆန်ဒိုင်းမူဘောင်ပါ အညွှန်းကိန်းများကို

နှစ်စဉ်မပြတ် ဖြည့်သွင်းခဲ့ပါကြောင်း၊ ဆန်ဒိုင်းမူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် MSDP/ SDG အကောင်အထည် ဖော်မှုများအတွက် လိုအပ်သည့် အချက်အလက်များ ထောက်ပံ့ပေးနေခြင်းဖြစ်ပါကြောင်း၊ မကြာသေးမီ ကာလအတွင်း အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ တွင် ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်း တင်ပြခဲ့ပါကြောင်း၊ ဘင်းစတက်စ်အဖွဲ့ဝင်နိုင်ငံများထဲမှ မြန်မာနိုင်ငံတစ်နိုင်ငံ တည်းသာ ၂၀၂၄ ခုနှစ်အထိ အစီရင်ခံစာတင်သွင်း ထားသောကြောင့် နိုင်ငံများ၏ အသိအမှတ်ပြုမှု ရရှိခဲ့သည့်အတွက် စာရင်း/ကိန်းဂဏန်းများကိုထောက်ပံ့ ပေးသည့် သက်ဆိုင်ရာဌာနများအား ကျေးဇူးတင် ရှိပါကြောင်း၊ ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်မှု အွန်လိုင်းအစီရင်ခံစာကို ၂၀၃၀ ပြည့်နှစ်အထိ ဖြည့်သွင်း သွား ရမည်ဖြစ်ပါသဖြင့် ကိန်းဂဏန်းအချက်အလက်များ ပြည့်ပြည့်စုံစုံထည့်သွင်းနိုင်အောင် ဆက်လက် ပူးပေါင်း ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆန်ဒိုင်းမူဘောင်တွင် ဖြည့်သွင်းလျက်ရှိသည့် အချက် အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက် လာကြသောဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆန်ဒိုင်း မူဘောင်အကောင်အထည် ဖော်မှု အစီရင်ခံစာ တင်သွင်းရာတွင် ကိန်းဂဏန်း အချက် အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းနိုင်ရေးအတွက် သိရှိလိုသည်များနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားရာ တွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဝန်ထမ်းများသည် အဓိကကျပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်း မည်ဆိုသည့်အတိုင်း စိတ်ဓာတ်ခံယူချက် ကောင်းမွန်စွာ ဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးနိုင်သောဝန်ထမ်းကောင်း များဖြစ်ရန်လိုအပ်ပါကြောင်း၊ ပြည်သူအတွက် အရည် အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် အဓိကကျသည့်အတွက် ယခုကဲ့သို့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရခြင်းဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ဓာတ် ကောင်းမွန်မှန်ကန်သည့် အတွေးအခေါ်မှ လက်တွေ့လုပ်ကိုင်ဆောင်ရွက်မှု၊ လက်တွေ့လုပ်ကိုင် ဆောင်ရွက်မှုမှ အလေ့အကျင့်၊ အလေ့အကျင့်မှ စွဲမြဲဆောင်ရွက်မှုအလေ့အထ၊ စွဲမြဲဆောင်ရွက်မှု အလေ့အထမှ စွမ်းဆောင်ရည်မြင့်တက်လာမှုစသည်ဖြင့် မိမိတို့၏ စွမ်းဆောင်ရည်ကို အဆင့်ဆင့်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည်ဆိုရာတွင် လုပ်ငန်းဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်ဆိုင်ရာ စသည့်ကဏ္ဍများအလိုက်စဉ်ဆက်မပြတ်လေ့လာ ဆောင်ရွက်နေကြရန် ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် အဆိုပါ ကဏ္ဍများအလိုက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ကျွမ်းကျင်သူများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်၍ လေ့လာမှတ်သားကာ မိမိတို့၏ လုပ်ငန်းရပ်များအပေါ်အခြေခံ၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ အချင်းချင်း အတွေ့အကြုံ ဖလှယ်ခြင်းတို့ဖြင့် အကျိုးရှိသည့်သင်တန်း တက်ရောက်မှု ဖြစ်စေလိုပါကြောင်း မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်** **နေပြည်တော်**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ပြည်ထောင်စုအဆင့် အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်ရရှိရေး ထောက်ခံထားသော ပြည်တွင်းအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်သူများ အကြား သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေး၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ စနစ်တကျတုံ့ပြန်နိုင်ရေးနှင့် ပြန်လည်

ထူထောင်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးတွင် ဝန်ကြီးဌာနနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ မြန်မာလူမျိုးများ၏ ချစ်စရာယဉ်ကျေးမှု ဓလေ့ဖြစ်သည့် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီသော ပရဟိတစိတ် စေတနာကောင်းများကို အခြေခံပြီး လူမှုရေးအသင်း၊ သာရေးနာရေး ကူညီရေးအဖွဲ့များကနေ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များ အခြေတည်လာကြခြင်း ဖြစ်ပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆန်ဒိုင်း မူဘောင်၏ ကမ္ဘာ့အဆင့် ပန်းတိုင် (၇) ရပ် အနက် ပန်းတိုင်(၆) (Target F) ၌ ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ပါက မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ဟုဖော်ပြထားသကဲ့သို့ ဒေသတွင်းအဆင့်တွင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘော တူညီချက် လုပ်ငန်း စီမံချက် (၂၀၂၆-၂၀၃၀) ၏ ပင်မလုပ်ငန်းတွင် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများ၌ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများပါဝင်နိုင်သည့် လုပ်ငန်းအစီအစဉ်ကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ နိုင်ငံအဆင့် ဝန်ကြီးဌာန၏ မူဝါဒတွင် ပြည်သူလူထု၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာ၍ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက် မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ ပြည့်မီစေရန်ဟု ထည့်သွင်းပြီး အဖွဲ့အစည်းများနှင့် ပူးပေါင်းမှုကို အလေးထားတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံနှင့် ပူးပေါင်းကျင်းပသော မြန်မာ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ (Myanmar Disaster Response Team-MDRT) သင်တန်းများ၊ One ASEAN One Response (OAOR) Road Show တို့၌ ပြည်တွင်း အသင်းအဖွဲ့မှ ကိုယ်စားလှယ်များအား ဖိတ်ကြားပါဝင်စေသကဲ့သို့ အာဆီယံက ကျင်းပပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို လိုက်လျောညီထွေစွာဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုထိရောက်စွာ ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါကြောင်း၊ နိုင်ငံတွင်းဖြစ်ပွားခဲ့သော ဘေးအန္တရာယ် တုံ့ပြန်ရေး လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်မှုများအတွက် ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်းနှင့် အဖွဲ့အစည်းအလိုက် ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် စပ်လျဉ်း၍ မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရေး/ မလိုလား အပ်သည့်နေရာများသို့ မရောက်ရှိစေရေး အထူး အလေးထားဆောင်ရွက် ပေးကြရန် လုပ်ငန်းဆိုင်ရာများ အကျိုးရှိထိရောက်စွာနှင့် စနစ်တကျရှိစေရေး၊ မိမိတို့ဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယပိုင်းအစီအစဉ်အားကျင်းပပြုလုပ်ခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တည်ဆဲလုပ်ထုံး လုပ်နည်းများ၊ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များက အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ဦးစီးဌာနနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်မည့် အခြေအနေများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ဝန်ထမ်းများအကြားစည်းလုံးညီညွတ်မှုရရှိရန်နှင့် အဖွဲ့လိုက်ပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာစေရန်ရည်ရွယ်၍လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရုံးပရဝုဏ်၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု

ဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်/ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းများ ပါဝင်တက်ရောက်၍ အားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခဲ့ပါသည်။

ဆဋ္ဌမအကြိမ် ဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ ဝန်ကြီးရုံးမှ (၁)ဖွဲ့၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ (၂)ဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ (၂)ဖွဲ့နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ (၁)ဖွဲ့ စုစုပေါင်း အဖွဲ့ (၆)ဖွဲ့တို့မှ ဝင်ရောက်ယှဉ်ပြိုင်မှုအား ဝန်ထမ်းမိသားစုများက တစ်ခဲနက်အားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့မှ လိုက်လံကြည့်ရှု အားပေးခဲ့ပါသည်။



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် နေပြည်တော်**

ထို့နောက် သက်ဆိုင်ရာအမှတ်ပေးအဖွဲ့များက အမှတ်ပေး စည်းမျဉ်းများနှင့်အညီ ဆုရွေးချယ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပထမဆုရရှိသည့် အဖွဲ့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးကဒုတိယဆုရရှိသည့် အဖွဲ့အားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိသည့် အဖွဲ့အားလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက နှစ်သိမ့်ဆုရရှိသည့် အဖွဲ့အားလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ပေးခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၆) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေးတွင် လူကုန်ကူးခံရသူများအား ပြန်လည် လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား

ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အဖွင့်အမှာစကား ပြောကြားရာ၌ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်မှုအား အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းရပ်များ၏ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအတွက်ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများကို မူဆယ်၊ မန္တလေး၊ မြဝတီ၊ ကော့သောင်းနှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ထားရှိပြီး၊ ဂေဟာမရှိသည့်ဒေသများ၌ မူးယစ် ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများတွင် ယာယီလက်ခံစောင့်ရှောက်ပေးလျက် ရှိပါကြောင်း၊ ယာယီလက်ခံစောင့်ရှောက်ထားစဉ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များ၊ လုပ်ငန်းကော်မတီဝင်ဌာနများနှင့် အဖွဲ့အစည်းများမှ လူကုန်ကူးခံရသူများအား မိသားစုဝင် စုံစမ်းခြင်း၊ မိဘရပ်ထံပြန်လည်အပ်နှံခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူကုန်ကူး ခံရသူများအား ပြန်လည်ထူထောင်ရေးအတွက် ၎င်းတို့ဆောင်ရွက်လိုသည့်ဒေသနှင့် ကိုက်ညီသော ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ရန် အသက်မွေးဝမ်းကျောင်းနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းစသည့် လုပ်ငန်းများအတွက် တစ်ဦးလျှင် ကျပ်(၁၀) သိန်း အများဆုံးနှုန်းဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းထူထောင်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုး ကူညီခြင်းဖြင့် နောက်ထပ်တဖန် လူကုန်ကူးခံရခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်** **နေပြည်တော်**

ဆက်လက်၍ လူကုန်ကူး ခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းက ယခင်ကျင်းပခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၅)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူကုန်ကူးခံရသူများ အနေဖြင့် ကိုယ်ရေးအချက်အလက် ပြည့်စုံမှန်ကန်စွာ ဖော်ပြခြင်းဖြင့်ကူညီရန် လွယ်ကူစေမှု၊ အလုပ်အကိုင်ရရှိစေရေး ကူညီနိုင်မှု၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဆောင်ရွက်ပေးနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နှစ်သိမ့် ဆွေးနွေးမှုအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်မှုအပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များ၊ အကြံ

ပြုချက်၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးပြီး လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာ စကားပြောကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း နှင့် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ကြည့်ရှုစစ်ဆေးခြင်း**



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး သည် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်း လူငယ်သင် တန်းကျောင်းသို့အား ရောက်ရှိ၍ ကျောင်းသားအိပ်ဆောင်များ၊ ကျောင်းပြင်ပပညာရေး သင်ကြား ပေးနေမှုနှင့် အသက်မွေးဝမ်းကျောင်း ပညာ သင်ကြားပေးနေမှုများ၊ ကျောင်းစာကြည့်တိုက်၊ ဆေး ပေးခန်း၊ မီးဖိုဆောင်နှင့် ကျောင်းတွင်းစိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေး မြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးဌာနသို့ သွားရောက်ရာကျောင်းသူအဆောင် များ၊ ကျောင်းပြင်ပ ပညာရေးသင်ကြားနေမှုနှင့် စက်ချုပ် သင်တန်း၊ ချည်ထိုးလက်မှုသင်တန်းများကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ဒုတိယဝန်ကြီးက အဆိုပါသင်တန်းကျောင်း နှစ်ကျောင်းတွင် လက်ခံစောင့်ရှောက်ထားသော ကလေး များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ သင်တန်းကျောင်းတွင် သင်ယူရသည့် သက်မွေးပညာများကို ကျွမ်းကျင် တတ်မြောက်သည်အထိ သင်ယူသွားရန်၊ မိမိတို့ရပ်ရွာသို့ ပြန်လည်ရောက်ရှိပါက တတ်မြောက်သွားသည့်သက်မွေး ပညာများကို လက်တွေ့အသုံးချရန်၊ လူငယ်လူရွယ်များ ဖြစ်သည့် အတွက် ယခင်အမှားကို သင်ခန်းစာယူ၍ နောက်နောင်တွင် တိုင်းပြည်မှ အားကိုးရသည့် လူတော် လူကောင်းများဖြစ်အောင် ကြိုးစားကြရန် ဆုံးမစကား ပြောကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေဂုံတိုင် ကလေးပြုစုရေး ဌာန၊ အမျိုးသမီး များပြုစုစောင့်ရှောက်ရေးစင်တာနှင့် မသန်စွမ်းသက်ကြီးစောင့်ရှောက်ရေးဂေဟာသို့ ကြည့်ရှုစစ်ဆေးခြင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေဂုံတိုင်ကလေး ပြုစုရေးဌာန၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေး စင်တာ သို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် တာဝန်ရှိသူများနှင့်အတူ သွားရောက်၍ကလေးအဆောင် များ၊ ထမင်းစားဆောင်၊ ဆေးခန်းတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး မူလတန်းကြိုကျောင်းနှင့် မူလတန်း

တက်ရောက်နေသော ကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တာဝန်ရှိသူများအား လသား ကလေးငယ်များနှင့် အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သည့်ကလေးများအား နွေးထွေးစွာ ပြုစုစောင့်ရှောက်ရန်နှင့် ကလေးငယ်များကို ပြင်ပလေ့လာရေးများ ပို့ဆောင်ပေးရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်ရှိ အမျိုးသမီးများပြုစု စောင့်ရှောက်ရေးစင်တာသို့ သွားရောက်၍ ကျောင်းသူအဆောင်များ၊ မီးဖိုဆောင်နှင့် စိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရာသီပေါ် ဟင်းသီးဟင်းရွက်များနှင့် အရိပ်ရအပင်များ စိုက်ပျိုးရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်ရှိ မသန်စွမ်းသက်ကြီး စောင့်ရှောက်ရေးဂေဟာသို့ သွားရောက်၍ မသန်စွမ်းကျောင်းသား/ ကျောင်းသူများကိုလက်ခံစောင့်ရှောက်ပေးနေမှု၊ချက်ပြုတ်ကျွေးမွေးမှုများနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မသန်စွမ်းသူများ ဖြစ်ပါသဖြင့် အထူးဂရုပြုပြီး စောင့်ရှောက်မှုပေးရန်နှင့် အာဟာရ ပြည့်ဝစေရေး စနစ်တကျကျွေးမွေးစောင့်ရှောက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

## မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

မူလတန်းပြ ဆရာ/ ဆရာမ များအတွက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာချောချောစိန်က မူကြိုကျောင်းသို့ တက်ရောက်ခဲ့ခြင်းမရှိဘဲ မူလတန်းတက်ရောက်လာသည့် ကလေးသူငယ်များအတွက် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်းများနှင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ သင်ရိုးညွှန်းတမ်းများ ချိတ်ဆက်ပြီး KG နှင့် Grade-1 ကလေးများကို သင်ကြားလေ့ကျင့်ပေးရန်အတွက် သင်တန်းအစီအစဉ်ကို စနစ်တကျရေးဆွဲခဲ့ကြပါကြောင်း၊ နိုင်ငံတစ်ဝှမ်းရှိ မူလတန်းပြ ဆရာ/ ဆရာမ များကို ပြန်လည်သင်ကြားနိုင်ရေးအတွက် ဆရာဖြစ်သင်တန်းကို (၄) ကြိမ် ဖွင့်လှစ်

သွားမည်ဖြစ်ပြီး ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် မြန်မာ့ရှေးဦး အရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ ကလေးသူငယ် အခွင့်အရေးများ၊ ကလေးစိတ်ပညာစသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည် ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ယခုသင်တန်းက ရရှိလာသည့် စာတွေ့၊ လက်တွေ့ နည်းလမ်းတွေကို အကျိုးရှိရှိအသုံးချပြီး မိမိတို့ဒေသရှိ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် မိသားစု၊ ရပ်ရွာနှင့် နိုင်ငံအကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူများဖြစ်စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မူကြိုတက်ရောက်မှုမရှိခဲ့ဘဲ KG နှင့် Grade-1 တို့တွင် တက်ရောက်သည့် ကလေးငယ်များအား ပညာသင်ကြားရေးကို အထောက်အကူပြုစေမည့် အသက်အရွယ်နှင့် ကိုက်ညီသည့် သင်ကြားမှုစနစ်ကို ဆောင်ရွက်ပေးရန် မူလတန်းပြဆရာ/ ဆရာမများအတွက် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးပါသဖြင့် ကလေးများ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ထားကောင်းမွန်ရေး၊ အများနှင့်နေထိုင်တတ်ပြီး အများအကျိုးဆောင်ရွက်လိုစိတ်၊ ကျန်းမာရေးနှင့် လူနေမှုဘဝ အလေ့အကျင့်ကောင်းများ ရရှိစေရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာ စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အပေါ် ယခုကဲ့သို့ ဆရာ/ ဆရာမ များက စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားခဲ့ပါသည်။



၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် နေပြည်တော်

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးကျင်းပ



ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်း

အဝေး၌ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အဖွင့်အမှာ စကားပြောကြားရာတွင် ယခုအစည်း အဝေးကို လုပ်ငန်းစီမံချက် ၂၀၂၄-၂၀၂၅ ဒုတိယ (၆) လပတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင် ဖြည့်စွက်လိုသည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးပြီး အမျိုးသားအဆင့် ကော်မတီသို့ တင်ပြနိုင်ရေးအတွက် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ အစီရင်ခံစာပါ အချက်အလက်များ ကိုပြုစုပြီး အမျိုးသားအဆင့် ကော်မတီမှတစ်ဆင့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပဋိပက္ခအတွင်းလိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါကြောင်း၊လုပ်ငန်းစီမံချက်၂၀၂၄-၂၀၂၅အားသက်တမ်းတိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးမှ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသဖြင့် ပဉ္စမသက်တမ်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယခုအစီရင်ခံစာ (မူကြမ်း) ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပေးပို့သည့် အချက်အလက်များအား စုစည်း၍ အစီရင်ခံစာတွင် ထည့်သွင်းရေးသား ထားရှိပါကြောင်း၊ ဒုတိယ (၆) လတာကာလအတွင်း ခရိုင် (၄၅) ခရိုင်တွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသား အဆင့်လုပ်ငန်း စီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားများ အသိပညာပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာခရိုင်အဆင့် လူမှုဝန်ထမ်းရုံးနှင့်အတူ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးရုံး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့၏ တာဝန်ရှိသူများက ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးTOTသင်တန်းကို ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်ရန်စီစဉ်နေပါသဖြင့် လုပ်ငန်းကော်မတီဝင်များ အနေနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍လုပ်ငန်းကော်မတီ၊တွဲဖက်အတွင်းရေးမှူး၊ကာကွယ်ရေးဝန်ကြီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ(၁/၂၀၂၅)အစည်းအဝေး၏အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးခဲ့ပြီး အမျိုးသား အဆင့်လုပ်ငန်း စီမံချက် အကောင်အထည်ဖော်မှု စတုတ္ထသက်တမ်း၏ ဒုတိယ (၆) လပတ် အစီရင်ခံစာ(မူကြမ်း) ရေးသားထားရှိမှုကို လုပ်ငန်းကော်မတီဝင်များမှအကြံပြုဆွေးနွေးခဲ့ပါသည်။

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ အသိပညာပေးသင်တန်းဖွင့်လှစ်



ကရင်ပြည်နယ်၊ ဘားအံမြို့၊ ပြည်နယ်လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဥပဒေအသိပညာပေးသင်တန်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ကရင်ပြည်နယ် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများမှ သင်တန်းသူ (၅၃) ဦး တက်ရောက် ခဲ့ကြပြီး မူလတန်းကြိုကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများ၊ ရပ်ရွာအခြေပြုနှင့် အိမ်အခြေပြု လုပ်ငန်းများ လျှောက်ထားခြင်းနှင့်တည်ထောင် ခွင့်ပြုမိန့် ထုတ်ပေးခြင်းဆိုင်ရာနည်းလမ်းများ၊ ရှေးဦး အရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဥပဒေနှင့် နည်းဥပဒေပါ အချက်များအား ဆွေးနွေး ပို့ချခဲ့ပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ) သင်တန်း ဆင်းပွဲကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် သင်ရိုးညွှန်းတမ်းများရေးဆွဲ၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူကြို ဆရာ/ ဆရာမများအား သင်တန်းများဖွင့်လှစ် ပေးလျက်ရှိကြောင်း၊ ကလေးငယ်တစ်ဦး၏ ဖွံ့ဖြိုးရန် အရေးကြီးဆုံးအချိန်သည် ကလေးဘဝ၏ အစောဆုံး အချိန်ကာလများဖြစ်ပါသဖြင့် ၎င်းတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရရှိရန် နည်းစနစ်မှန်ကန်စွာဖြင့် ပြုစုပျိုးထောင်နိုင်ရန်လိုအပ်ပါကြောင်း၊ ယခု သင်တန်းအား အရည်အချင်းပြည့်ဝသည့် မူကြိုဆရာ/ ဆရာမများ ဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းမှရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတ၊ နည်းပညာများကို အသုံးချပြီး နိုင်ငံရဲ့ အနာဂတ် ကလေးငယ်များအကျိုးကို အကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးတွင် အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အစည်းအဝေးကျင်းပ



မကွေးတိုင်းဒေသကြီးတွင် အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းဆပ်ကော်မတီ အစည်းအဝေးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ကလေးအလုပ်သမားများဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေး လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင် (၁၈)ဦးတက်ရောက်ခဲ့ပြီးတိုင်းဒေသကြီးအတွင်းရှိကလေးအလုပ်သမားများနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများအားညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## "လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု အသိပညာပေး" သင်တန်းဖွင့်ပွဲ



မန္တလေးတိုင်းဒေသကြီးအတွင်းလူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကိုဆောင်ရွက်ရာတွင်အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ စုစည်းရရှိနိုင်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ရန်နှင့် ရပ်ရွာအတွင်းရှိ ထိခိုက်လွယ် အုပ်စုဝင်များ၏ လူမှုရေးရာ ဖြစ်ရပ်များကို ချိတ်ဆက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ **"လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု အသိပညာပေး"** သင်တန်းအား (၁၉-၁-၂၀၂၆) ရက်မှ (၂၃-၁-၂၀၂၆) ရက်အထိ ကလေးပြုစုရေး

ဌာန၊ သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးရှိမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့နှင့် အမျိုးသမီး ရေးရာကော်မတီတို့မှ သင်တန်းသား (၁၀)ဦး၊ ကြက်ခြေနီ တပ်ဖွဲ့မှ သင်တန်းသား(၁၀)ဦး၊ ပရဟိတ လူမှုကူညီရေးအသင်းမှ သင်တန်းသား (၃)ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန အသိ အမှတ်ပြု ပရဟိတဂေဟာ/ဘိုးဘွားရိပ်သာများမှ သင်တန်းသား (၇)ဦး၊ စုစုပေါင်း သင်တန်းသား (၃၀)ဦး တက်ရောက်ခဲ့ပါသည်။

## ပြင်ပပုဂ္ဂိုလ်များအတွက် အသက် (၆) လ မှ (၃) နှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် (၁၈) ဖွင့်လှစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာန (ရန်ကုန်) တွင် ပြင်ပပုဂ္ဂိုလ်များအတွက် အသက် (၆) လ မှ (၃) နှစ် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁၈)ကို (၁၃-၁-၂၀၂၆) ရက်မှ (၁၀-၂-၂၀၂၆) ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် ရမည့် နည်းလမ်းများကို လက်တွေ့နယ်ပယ်များ၌ အတွေ့အကြုံရှိသော နည်းပြဆရာ/ ဆရာမများမှ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။



## အသက် (၃) နှစ်မှ (၅) နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း (၁/၂၀၂၆) ဖွင့်လှစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ အသက် (၃) နှစ်မှ (၅) နှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း (၁/ ၂၀၂၆) အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် နေပြည်တော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးရုံး (Community Center) ၌ ကျင်းပ ပြုလုပ်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် ကလေး များသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည့် လူသားအရင်းအမြစ်များ ဖြစ်သောကြောင့် ကလေး သူငယ်ပြုစုစောင့်ရှောက်ရေး နည်းလမ်းများကို ပြည်သူ လူထုက လက်လှမ်းမီသိရှိစေရန် လိုအပ်ပါကြောင်းနှင့် အဆိုပါနည်းလမ်းများအား ပြည်သူများ သိရှိနိုင်ရေး အတွက် သက်ဆိုင်ရာ ဌာနများအားလုံးက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ယခုသင်တန်းမှ ရရှိလာသော အတွေ့အကြုံ ဗဟုသုတနှင့် နည်းပညာများ ကိုအခြေခံ၍ မိဘ (သို့မဟုတ်) ကလေးသူငယ်များ၏ ပတ်ဝန်းကျင်ကို အသိပညာပေးမှုဝေပေးနိုင်ပြီး စဉ်ဆက် မပြတ်လေ့လာသင်ယူနိုင်သူ၊ စံပြထိုက်သော ကလေး ပြုစုစောင့်ရှောက်နိုင်သူများ ဖြစ်စေရန် ကြိုးပမ်း အားထုတ် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ ပါသည်။



# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ၊ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဧရာဝတီတိုင်း ဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အမှတ် (၁၇) ရပ်ကွက်၊ အခြေခံပညာမူလတန်း ကျောင်း (လှေဆိပ်)၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ ရွှေအုပ်ဝ၊ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ လင်းခေးမြို့၊ အ.မ.က (နမ့်အွန်) ကျောင်း၊ အ.မ.က (တန်စန့်) ကျောင်း၊ အ.မ.က (ဒါးဆိပ်) ကျောင်းနှင့် အ.မ.က (ပင်ထနောင်း) ကျောင်း တောင်ကြီးမြို့နယ်၊ နားဟီးကျေးရွာအုပ်စု၊ ဟမ်းဆီး ကျေးရွာ၊ အားကစားနှင့် ကာယပညာ(သိပ္ပံ) ကျောင်း၊ အ.ထ.က (တောင်လေးလုံး) ကျောင်း၊ အ.ထ.က (နမ့်ဆီး) ကျောင်း၊ အ.ထ.က(ပန်သခွား) ကျောင်း၊ အ.လ.က (ဂနိုင်ရေး) ကျောင်း၊ ကျောက်မဲမြို့နယ်၊ အ.ထ.က (နောင်ပိန်) ကျောင်း၊ အမက (မူလွန်-ပင်တိန်) ကျောင်း၊ မူလွန် (နားအိုက်ခန့်) ကျောင်း၊ အ.လ.က (ခွဲ) စခန်းသာ ကျောင်း၊ အမက (မူလွန်-ခိုမုန်း) ကျောင်းနှင့် အ.မ.က (မူလွန်-၈) ကျောင်း၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံတက္ကသိုလ်၊ အ.ထ.က (ယမ်းလူး) ကျောင်း၊ အ.ထ.က (၇) ကျောင်းနှင့် KTLC ကိုယ်ပိုင် အထက်တန်း ကျောင်း၊ လွိုင်လင်မြို့နယ်၊ အ.မ.က (မူလွန်-၃) ကျောင်း၊ အ.မ.က (မူလွန်-ဟိုခိုက်) ကျောင်း၊ အ.မ.က (မူလွန်-ကွတ်ချိုး) ကျောင်းနှင့် အ.မ.က (မူလွန်-တောင်နောက်) ကျောင်းတို့၌လည်းကောင်း ကျောင်းသား/ ကျောင်းသူ များအား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက် ခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ အမက (မူလွန်-၂၇) ကျောင်း၊ အမက (မူလွန်-၁၀) ကျောင်း၊ အ.လ.က (၁၀) ကျောင်းနှင့် အ.လ.က (ခွဲ-၂၄) ကျောင်း၊ တာချီလိတ်မြို့နယ်၊ အထက(ခွဲ၊ ရန်အောင်မြေ) ကျောင်း၊ အ.ထ.က (ဟောင်လိတ်) ကျောင်းနှင့် အ.ထ.က (ဆန်ဆိုင်း) ကျောင်း၊ တာလေမြို့နယ်၊ အလက (ခွဲ၊ ပါဆန်း) ကျောင်း၊ အ.ထ.က (တာလေ) ကျောင်းနှင့် အ.ထ.က(နားအွန်)ကျောင်း၊ပင်းတယမြို့နယ်၊ကျားကုန်း ကျေးရွာအုပ်စု၊ ကျားကုန်းကျေးရွာ၊ အ.ထ.က (ခွဲ-တမဲ) ကျောင်းနှင့် အလက (ခွဲ-ရှောက်ပင်) ကျောင်း၊ မိုင်းတုံ မြို့နယ်၊ အ.ထ.က (နားကောင်းမူ) ကျောင်း၊ အ.ထ.က (ပုံပါကျင်) ကျောင်းနှင့် အ.လ.က (ကျဒယ်) ကျောင်း၊ ပင်လောင်းမြို့နယ်၊ အ.လ.က (နန်းပုလင်း) ကျောင်း၊ အ.လ.က (ရိုင်း) ကျောင်းနှင့် အ.မ.က (လုံးပိုး) ကျောင်း တို့၌လည်းကောင်း၊မကွေးတိုင်းဒေသကြီး၊သရက်မြို့နယ်၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း ကျောင်းသား/ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်း နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဌာန ဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း Talk Show ပြုလုပ်ခြင်း




ဧရာဝတီတိုင်းဒေသကြီးမှ တာဝန်ရှိသူများသည် (၁၉-၁-၂၀၂၆) ရက်နှင့် (၂၁-၁-၂၀၂၆) ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နှင့် ဓနုဖြူ မြို့နယ် တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၌ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း သင်တန်းဖွင့်လှစ်မှု ပြုလုပ်ခြင်း



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၄-၁-၂၀၂၆) ရက်မှ (၁၆-၁-၂၀၂၆) ရက်အထိ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံ သင်တန်း (မြို့နယ်အဆင့်) အမှတ်စဉ် (၁/၂၀၂၆) ကို ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း မီးဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ရန်အောင်(၂)ရပ်ကွက်၌လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ သဲတော (၁) ရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော် မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စု၊ သောင်ကြီးကျေးရွာ၊ မအူပင် မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊တလုပ်လပ်အနောက်အုပ်စု၊ အောက်ပိုင်းကျေးရွာ၊ မြောင်းမြခရိုင်၊ မြောင်းမြ မြို့နယ်၊ ဘူဒင်းကွင်း ရေကျော်ကျေးရွာအုပ်စု၊ ရေကျော် ကျေးရွာ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ ဖျာပုံ ခရိုင်၊ဘိုကလေးမြို့နယ်၊ကဒုံကနိကျေးရွာအုပ်စု၊ကဒုံကနိ ကျေးရွာ၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ကုန်းကြီး အုပ်စု၊ အနောက်တံခွန်တိုင် ကျေးရွာ တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ကျိုင်းတုံမြို့နယ်၊ကတ်ထိုက်ကျေးရွာအုပ်စု၊ ကတ်ထိုက်ကျေးရွာတို့၌ လည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၁) ရပ်ကွက်၌လည်းကောင်း၊ မကွေး တိုင်းဒေသကြီး၊ မင်းဘူး ခရိုင်၊ မင်းဘူး (စကု) မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၌ လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှု ကြောင့်ပျက်စီးလူ နေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ဘေးသင့်သူများအတွက်ဆန်ရိက္ခာ ဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် (၁၃-၁-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ တလုပ်လပ် အနောက်အုပ်စု၊ အောက်ပိုင်းကျေးရွာ၌လည်းကောင်း၊ (၁၂-၁-၂၀၂၆) ရက်တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ မာန်မြေကျေးရွာအုပ်စု၊ မာန်မြေအနောက်စု ကျေးရွာ၌လည်းကောင်း ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့သည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ တို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း လေပြင်းဘေးထောက်ပံ့မှု

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းပတ်ထက်ကျေးရွာအုပ်စု၊ပုံခိတ်ကျေးရွာ၌(၃-၁-၂၀၂၆) ရက်တွင် လေပြင်းဘေးတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး နေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၅-၁-၂၀၂၆) ရက်တွင် ကျိုင်းတုံခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက် ရပ်ကွက်၊ အောင်မြေမန္တလာ ဘောလုံးကွင်း၌ ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာသံရုံး အစီအစဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် (တံတားဦး)မှတစ်ဆင့်ရောက်ရှိလာသည့်နေရပ်ပြန်ပြည်သူ (၁၃၆) ဦးတို့အတွက် ကျားလုံချည် (၉၆) ထည်၊ မလုံချည် (၄၀) ထည်၊ တဘက် (၁၃၆) ထည်၊ တီရှပ် (၁၃၆) ထည်နှင့် ဆပ်ပြာ (၁၃၆) တောင့်တို့အား လည်းကောင်း၊မကွေးတိုင်းဒေသကြီး၊ဂန့်ဂေါခရိုင်၊ဂန့်ဂေါမြို့နယ်၊မြောက်ကုန်း ရပ်ကွက်၌ အကြမ်းဖက်အဖွဲ့များ၏ ပစ်ခတ်တိုက်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများအတွက် ဒဏ်ရာရ ထောက်ပံ့ငွေအားလည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော် မြို့နယ်၊ ပဒါးညေးကျေးရွာအုပ်စု၊ ပဒါးညေး ကျေးရွာ၊ ပန်ကန်းကျေးရွာနှင့် လင်ဖုံလေး (အောက်) ကျေးရွာတို့၌ မိုင်းနင်းမိထိမှန်မှုကြောင့် ဒဏ်ရာရရှိသူများအတွက် ဒဏ်ရာရ ထောက်ပံ့ငွေအား လည်းကောင်း သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## စခန်းအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၆) ဆင်းပွဲ အခမ်းအနားကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) ၌ စခန်းအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနား၌ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်) မှ လက်ထောက်ညွှန်ကြားရေးမှူးက မူးယစ် ဆေးဝါး၏ ဆိုးကျိုးများ ရှင်းလင်းဆွေးနွေးပြီး ဆေးသုံးစွဲခြင်းဖြင့် ပညာရေး၊ အလုပ်အကိုင်နှင့် လူမှုဘဝများပျက်စီးခြင်း ဆီသို့ ဦးတည်လျက်ရှိပါကြောင်း၊ ယခုအခါ မူးယစ်ဆေးဝါးသုံးစွဲမှုအား ပြစ်မှုအဖြစ်သတ်မှတ်ခြင်း မပြုတော့ဘဲ ဆေးကုသမှုခံယူနိုင်ရေး နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့ အစည်းများက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များကို လူထုအတွင်းရောက်ရှိအောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေး သင်တန်းပေးခြင်းသည် မူးယစ် ဆေးဝါးပြဿနာကို လူမှုရေးနှင့် ကျန်းမာရေးရှုထောင့်မှ ချဉ်းကပ်သောလုပ်ငန်းစဉ်တွင် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် ပတ်ဝန်းကျင်ကောင်းရွေးချယ်၍ ဘဝကိုတန်ဖိုးရှိစွာ ရပ်တည်နိုင်ကြောင်း သက်သေပြရမည်ဖြစ်ပြီး မိမိတို့၏ ဘဝသစ်အား တည်ဆောက်ရန် ခိုင်မာသော ဆုံးဖြတ်ချက်နှင့် ဖွဲလုံ့လမွေးမြူကြပါရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။




ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌက နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများအကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီး သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခြင်းနှင့် သင်တန်းသား တစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

## စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း(၁/၂၀၂၆) ဆင်းပွဲအခမ်းအနားကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်း အနားကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်လူမှုဝန်ထမ်းရုံး၊ ဒုတိယညွှန်ကြားရေးမှူးက မူးယစ်ဆေးဝါး ပြဿနာသည် တိုင်းပြည်၏ လူသားအရင်းအမြစ်အား ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါကြောင်း၊ ကြိုတင်ကာကွယ်၍ ထိရောက်စွာနှိမ်နင်းရန် လိုအပ်ပါကြောင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှုသည်လည်း အရေးကြီးပါကြောင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများ ဖွင့်လှစ်ပြီးသင်တန်းဆင်းပြီးသောမူးယစ်ကြီးကြပ်ရေးမှူးအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်စေရေးနှင့် သုံးစွဲမှုပပျောက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးစား ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)မှ လက်ထောက်ညွှန်ကြားရေးမှူးက မူးယစ်နွံ့အတွင်းမှ ရုန်းထွက်နိုင်ရန်အတွက်ပတ်ဝန်းကျင်ရပ်ရွာလူထုမှ ကူညီပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊

ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ နောက်ဆက်တွဲစောင့်ရှောက်ရေးတို့ကို တစ်ဆက်တည်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဌာနအနေဖြင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများကို မွေးထုတ်၍ ပြန်လည်ထူထောင်ရေး သင်တန်းဆင်း သင်တန်းသားများအား မိသားစု၊ ရပ်ရွာ၊ လူမှု အသိုင်းအဝန်းအတွင်း ပြန်လည်ဝင်ရောက် နေထိုင်သည့်အခါ (၁)နှစ်အတွင်း နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်း (After Care Services) ကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရပ်ရွာလူထုအတွင်း မူးယစ်ဆေးဝါးပြဿနာများအား ပညာပေးခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ စေတနာ့ ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သော အတွေ့အကြုံ ဗဟုသုတများအား မိမိတို့၏ရပ်ရွာအတွင်း၌ လက်တွေ့အသုံးချ၍ နောက်ဆက်တွဲစောင့်ရှောက်ရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ရပ်ရွာ၊ပတ်ဝန်းကျင်ကို မူးယစ် ကင်းစင်သည့်ဒေသအဖြစ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာအခမ်းအနားတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် ကျား-မ တန်းတူညီမျှရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ဖြစ်ပါသဖြင့် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ပါဝင်မှုနှင့် စွမ်းဆောင်နိုင်မှုများသည် ဖွံ့ဖြိုးတိုးတက်

သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရေးပါသည့် အရင်းအမြစ်တစ်ခုဖြစ်သည့်အတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းများကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ကမ္ဘာတစ်ဝှမ်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် မိမိတို့ဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၌ ကျား-မ ရေးရာကို ထည့်သွင်းစဉ်းစားဆောင်ရွက်လာနိုင်စေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်ပေး နိုင်ရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women) - NSPAW (၂၀၂၃-၂၀၃၂) ကို NSPAW ဦးဆောင်ကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဦးဆောင်ကော်မတီတွင် အမျိုးသားစီမံကိန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လုပ်ငန်းနယ်ပယ် (၁၂) ရပ်၏ လုပ်ငန်းကော်မတီအားလုံးတွင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့ တို့မှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်ပြီးစီမံကိန်းရေးဆွဲခဲ့ခြင်းဖြစ် ပါကြောင်း၊ ကဏ္ဍစုံတွင် ကျား-မ ရေးရာထည့်သွင်းစဉ်းစားခြင်း (Gender Mainstreaming) လုပ်ငန်းရပ်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ပြီး ဌာနအားလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းများဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းမှရရှိသည့် ဗဟုသုတ၊ အသိပညာများကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့်မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

